KBZ BANK
ကမ္ဘောဇဘဏ်လီမိတက်
NO. 615/1, PYAY ROAD, KAMAYUT TOWNSHIP, YANGON, MYANMAR. PH: (951) 538 075-076, 538 078-080 FAX: (951) 538 069-071 EMAIL: kbzinfo@kbzbank.com

# ONLINE BANKING SERVICES TERMS AND CONDITIONS

## Online Banking ဝန်ဆောင်မှု အသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများ

Kanbawza Bank Limited (KBZBank) requires that all persons accessing our Online Banking and bill payment service ("Bill Payment Service") adhere to set forth the following terms and conditions. By requesting or using iBanking and mBanking Services or permitting someone else to use these on your behalf, the User indicates your acknowledgment and acceptance of these terms and conditions, which are from time to time subject to change.

ကမ္ဘောဇဘဏ်လီမိတက်၏ Online Banking ဝန်ဆောင်မှုများအား အသုံးပြုမည့်သူများသည် အောက်ပါပြဌာန်းထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။ iBanking and mBanking ဝန်ဆောင်မှုများအား အသုံးပြုလိုသူ (သို့မဟုတ်) အသုံးပြုလိုသူ၏ကိုယ်စား အခြားသူ တစ်ဦးဦးအား အသုံးပြုခွင့်ပေးရာတွင် အသုံးပြုသူသည် ဤစည်းမျဉ်းစည်းကမ်းများအား နားလည်သိရှိပြီး အခါအားလျော်စွာ ပြုပြင်ပြောင်းလဲသည့် စည်းကမ်းချက်များကို လည်း လိုက်နာပါမည်ဟု သဘောတူလက်ခံပါသည်။

### 1. Definitions

### ၁။ အဓိပ္ပာယ်ဖွင့်ဆိုချက်

a. "Account" means an arrangement with the Bank that allows the User to keep the money at the Bank.

(က) "Account" ဆိုသည်မှာ အသုံးပြုသူ၏ငွေအားဘဏ်တွင် ထိန်းသိမ်းထားသည့် စာရင်းကိုဆိုလိုခြင်း ဖြစ်သည်။

b. "Bank" means Kanbawza Bank Ltd. (KBZ Bank).

(ခ) "Bank" ဆိုသည်မှာ ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) ကိုဆိုလိုခြင်းဖြစ်သည်။

c. "Biller" means a biller who issues the utility bills.

(ဂ) "Biller" ဆိုသည်မှာ ငွေကောက်ခံသူ ငွေတောင်းခံပြေစာပေးပို့သူကို ဆိုလိုခြင်းဖြစ်သည်။

d. "Bill Payment Service" means online facility provided that enables customers to receive and pay bills through a computer or telephone.

(ဃ) "Bill Payment" ဝန်ဆောင်မှု ဆိုရာတွင် ထိုဂန်ဆောင်မှုအသုံးပြုသူသည် bill ပေးဆောင်ခြင်း၊ လက်ခံခြင်းများအား ကွန်ပျူတာ၊ ဖုန်းလိုင်းများအသုံးပြု၍ အွန်လိုင်းမှရရှိနိုင်မည့် ဂန်ဆောင်မှုကို ဆိုလိုခြင်းဖြစ်သည်။

e. "Bulk Payment" means a kind of payment which allows User to upload a bulk payment file into internet banking for large number of funds transfer with a single instruction.

(င) "Bulk Payment" ဆိုသည်မှာ ညွှန်ကြားချက်တစ်ခုတည်းဖြင့် အသုံးပြုသူ ကိုယ်တိုင် iBanking မှတစ်ဆင့် များပြားသော ငွေလွှဲပြောင်းမှု ပေးဆောင်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

f. "Business Day" means Monday through Friday; holidays are excluded.

(စ) "Business Day" ဆိုသည်မှာ (အစိုးရရုံး ပိတ်ရက်မပါဝင်သော) တနင်္လာမှသောကြာနေ့အထိ ဆိုလိုခြင်း ဖြစ်သည်။

g. "Corporate Account User" means corporate customers separate from consumer or retail banking activities for individual accounts.

(ဆ) "Corporate Account User" ဆိုရာတွင် အများပြည်သူ တစ်ဦးချင်းစီသို့ ပေးသောဘဏ်လုပ်ငန်း ဂန်ဆောင်မှုနှင့် မတူညီဘဲ Corporate Account အသုံးပြုသူများအတွက် သီးခြားပေးသော ဂန်ဆောင်မှုမျိုးကို ဆိုလိုခြင်းဖြစ်သည်။

h. "Core Banking System" means a core banking system (centralized online real-time exchange) is the software used to support a bank's most basic transactions, like depositing and lending of money.

(ဇ) "Core Banking System"ဆိုသည်မှာအခြေခံဘဏ်ဂန်ဆောင်မှုများဖြစ်သောငွေအပ်နှံခြင်းနှင့်ချေးငွေအပ်နှံခြင်းများ ပြုလုပ်ရာတွင် အသုံးပြုသည့် Software ကိုဆိုလိုခြင်းဖြစ်သည်။

i. "Instruction" means the Bank initiates that a transfer of funds as instructed by the User.

(ဈ) "Instruction" ဆိုသည်မှာ အသုံးပြုသူမှ ညွှန်ကြားထားသော ငွေကြေးဆိုင်ရာအချက်အလက်များကို ဘဏ်မှ လိုက်နာဆောင်ရွက်ခြင်း ကိုဆိုလိုခြင်း ဖြစ်သည်။

j. "mBanking" means the use of a smart phone or other device to perform Online Banking tasks such as monitoring account balances, transferring funds between accounts and locating an ATM through mobile browser or mobile application.

(ည) "mBanking" ဆိုသည်မှာ SmartPhone (သို့မဟုတ်) အခြားသော အီလက်ထရေနစ် ပစ္စည်းများအား အသုံးပြု၍ လက်ကျန်ငွေစစ်ခြင်း၊ ငွေလွှဲပြောင်းခြင်းနှင့် ATM စက်များတည်နေရာ ရှာဖွေခြင်း အစရှိသည့် Online Banking ဝန်ဆောင်မှုများကို အသုံးပြုနိုင်သော စနစ်ကို ဆိုလိုခြင်းဖြစ်သည်။

k. "Online Banking" means computerized service that allows the Bank's User to get access online with the Bank via internet to view the status of their account(s), transaction history and to transfer funds, pay bills, etc.

(ဋ) "Online banking" ဆိုသည်မှာ ဘဏ်၏ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး အသုံးပြုသူသည် မိမိ၏စာရင်းအား ကြည့်ရှုခြင်း၊ ဆောင်ရွက်ခဲ့ပြီးသော ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်များအားကြည့်ရှုခြင်း၊ ငွေလွှဲခြင်း ၊ Bill ဆောင်ခြင်း စသည်ဖြင့် ကိစ္စရပ်များအား ဆောင်ရွက်နိုင်သည်ကို ဆိုလိုခြင်းဖြစ်သည်။

l. "iBanking" means using internet web base for managing money without coming to the bank physically.

(ဌ) "iBanking" ဆိုသည်မှာ အသုံးပြုသူသည် Internet browserကို အသုံးပြု၍ ဘဏ်သို့ ကိုယ်တိုင်လာရောက်ရန်မလိုပဲ မိမိ၏ ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်များကို စီမံခန့်ခွဲလုပ်ဆောင်နိုင်ခြင်းကို ဆိုလိုသည်။

m. "Payroll" means an instruction to initiate a payment directly from one of the User accounts to the account(s) of one or more third party payees.

(ဍ) "Payroll" ဆိုသည်မှာ အသုံးပြုသူ၏ တိုက်ရိုက်ညွှန်ကြားချက်အရ အသုံးပြုသူ၏စာရင်းမှ အခြားသူ၏ စာရင်းအား (သို့မဟုတ်) စာရင်းများအား ငွေပေးချေမှု ပြုလုပ်ပေးခြင်းကို ဆိုလိုသည်။

n. "Personal Account User" means personal account owner or sole proprietor account owner.

(ပ) "Personal Account User" ဆိုသည်မှာ တစ်ဦးချင်းစာရင်းကို ပိုင်ဆိုင်သူ (သို့မဟုတ်) စာရင်းအား တစ်ဦးတည်းမှ ပိုင်ဆိုင်ခြင်းကို ဆိုလိုသည်။

o. "Pin Mailer" means a confidential communication sent to User for informing Login ID and password.

(ဏ) "Pin Mailer" ဆိုသည်မှာ အသုံးပြုသူ၏ Login ID နှင့် Password တို့အား ပေါက်ကြားမှုမရှိစေရန် အသုံးပြုသူထံသို့ ချိတ်ပိတ်ပေးပို့သည့် စာအိတ်ကို ဆိုလိုခြင်းဖြစ်သည်။

p. "User" means the person who is using the KBZ Bank online services.

(တ) "User" ဆိုသည်မှာ ကမ္ဘောဇဘဏ် ၏ online service ဝန်ဆောင်မှု အသုံးပြုသူအား ဆိုလိုခြင်း ဖြစ်သည်။

q. "A mobile application", most commonly referred to as an app, is a type of application software designed to run financial transactions on a mobile device, such as a smartphone or tablet computer. A mobile application also may be known as an app, Web app, online app, iPhone app or smartphone app.

(ထ) "Mobile Application" ဆိုသည်မှာ အများအားဖြင့် "App" ကိုရည်ညွှန်းခြင်းဖြစ်ပြီး ငွေကြေးနှင့်ပတ်သက်၍ Smart Phone, Tablet များတွင် လုပ်ဆောင်နိုင်ရန်အတွက်ပြုလုပ်ထားသော Software Application ကို ရည်ညွှန်းခြင်းဖြစ်သည်။

**2. Online Services**

The Services allow the User to do the following here with.

- Account balance and transaction information for the User Accounts
- Transfer funds internally between Accounts and setup recurring transfers from one Account to another
- Bill Payment for electricity, landline or mobile and utility bills
- Receive eBills for many of the User's payees
- Payroll Services
- Cash Management

**၂။ Online ဝန်ဆောင်မှုများ။**

အသုံးပြုသူသည် အောက်တွင်ဖော်ပြထားသော ဝန်ဆောင်မှုများအား Online မှတစ်ဆင့် အသုံးပြု ဆောင်ရွက်ခွင့်ရရှိမည် ဖြစ်ပါသည်။

- အသုံးပြုသူ၏စာရင်းမှ လက်ကျန်ငွေစာရင်းနှင့် ငွေလွှဲဆောင်ရွက်ထားသည့် အချက်အလက်များကို ကြည့်ရှုခြင်း
- အသုံးပြုသူ၏ စာရင်းများ အကြားနှင့် အခြားအသုံးပြုသူ၏ စာရင်းများသို့ အကြိမ်ကြိမ် ငွေလွှဲဆောင်ရွက်ထားရှိနိုင်ခြင်း။
- Online မှတဆင့် လျှပ်စစ်မီတာဘီလ်ပေးဆောင်ခြင်း၊ ဖုန်းဘီလ်ပေးဆောင်ခြင်း ဝန်ဆောင်မှုများအား ဆောင်ရွက်နိုင်ခြင်း။
- အသုံးပြုသူမှ ငွေပေးဆောင်ထားသည့် အီလက်ထရောနစ်ဘီလ်များအား Online မှ တစ်ဆင့် လက်ခံ ရရှိနိုင်ခြင်း၊
- Payroll ဆိုင်ရာဝန်ဆောင်မှုများ ပြုလုပ်နိုင်ခြင်း။
- Cash Management ဆိုင်ရာဝန်ဆောင်မှုများ ပြုလုပ်နိုင်ခြင်း။

## 3. Information Authorization

KBZ Bank and our service provider reserve the right to obtain such additional information as KBZ Bank reasonably necessary to insure that the User is not using our Services in violation of law, including, but not limited to, laws and regulations designed to prevent 'money laundering' or the transfer of funds to accounts that are blocked under regulations of the Central Bank of Myanmar and Central Control Board in Ministry of Home Affairs.

## ၃။ သတင်းအချက်အလက်များအတွက်ဆောင်ရွက်နိုင်ခွင့်။

ကမ္ဘောဇဘဏ်၏ ဝန်ဆောင်မှုအား အသုံးပြုနေသူများသည် ထိုဝန်ဆောင်မှုများအား အသုံးပြု၍ ဥပဒေချိုး ဖောက်ခြင်း၊ ငွေကြေးခဝါချခြင်းများအား ကာကွယ်ရန်အတွက် သတ်မှတ်ပြဌာန်း ပေးထားသည့် ဥပဒေနှင့် စည်းမျဉ်းများ (သို့မဟုတ်) မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့်ပြည်ထဲရေးဝန်ကြီးဌာန၏ ဗဟိုထိန်းသိမ်းရေး အဖွဲ့စည်းမျဉ်းစည်းကမ်းများအရ ကန့်သတ် ပိတ်ပင်တားဆီးထားသည့် စာရင်းပိုင်ရှင်၏ စာရင်းအတွင်းသို့ ငွေကြေးလွှဲပြောင်းခြင်းအား online ဝန်ဆောင်မှုကိုအသုံးပြု၍ ဥပဒေချိုးဖောက်ခြင်းကဲ့သို့သော ကိစ္စရပ်များ အတွက် ကမ္ဘောဇဘဏ်နှင့်၎င်း၏ ဝန်ဆောင်မှုပေးသူများမှ အသုံးပြုသူ၏ လိုအပ်သည့်အချက်အလက်များအား ထပ်မံ တောင်းဆိုရယူနိုင်ခွင့်ရှိသည်။

## 4. Authorization

The User is responsible for every Instruction (including every Accounts Payable Request) in relation to the Account, regardless of whether that Instruction is from the User, a person authorized by the User or any other person acting with or without the User's knowledge or consent.

The User agrees that KBZ Bank may rely on (and the User hereby authorizes KBZ Bank to act upon) any Instruction given and (where required in your Application for Controlled Instructions) authorized, without any enquiry as to the identity or authority of the person giving or authorizing that Instruction. The User agrees that KBZ Bank will not in any way be liable to the User for relying or acting on any such Instruction.

The User is responsible to ensure that all information included in an Instruction is complete, accurate and correct.

An Instruction must not be subject to any conditions. KBZ Bank will act on a conditional Instruction as if it were an unconditional Instruction.

It is your responsibility to use other means of obtaining information, giving Instructions and effecting transactions if for any reason the Service is unavailable for use or cannot be accessed by a User due to any malfunctioning of any systems or equipment supporting the Service.

KBZ Bank shall not be obliged to act upon any Instruction which appears, in the Bank's opinion, to be contrary to any applicable law, regulation, government, court or regulatory body's order, rule, or direction, or in circumstances in which the Bank deems it legally inadvisable to act upon such Instruction.

## ၄။ လုပ်ပိုင်ခွင့်ပေးခြင်း။

အသုံးပြုသူသည် မိမိစာရင်း အား အသုံးပြုရာတွင် မိမိ၏ မည်သည့် စာရင်းမှပေးရန် တောင်းဆိုသည့် မည်သည့်ညွှန်ကြားချက်မဆို အသုံးပြုသူ၊ အသုံးပြုသူမှ တာဝန်ပေးအပ်ထားသူ (သို့မဟုတ်) အခြားသူတစ်ဦးဦး သည် အသုံးပြုသူမှသိရှိ၍ဖြစ်စေ (သို့မဟုတ်) သဘောတူညီ၍ဖြစ်စေ ပြုလုပ်သော ညွှန်ကြားချက်ပင်ဖြစ် စေကာမူ ထိုကဲ့သို့သော ညွှန်ကြားချက်တိုင်းတွင် အသုံးပြုသူတွင်သာ တာဝန် ရှိစေမည်ဖြစ်သည်။

အသုံးပြုသူမှ ခွင့်ပြုထားသည့် ညွှန်ကြားချက်နှင့် ပတ်သက်သော အချက်အလက်များ (သို့မဟုတ်)အသုံးပြုသူမှ တာဝန်ပေးအပ်ထား သည့်သူတစ်ဦးဦး၏ ညွှန်ကြားချက်အား စစ်ဆေးခြင်းမပြုလုပ်ဘဲ ကမ္ဘောဇဘဏ် သည် ထိုညွှန်ကြားချက်အတိုင်းသာ ဆောင်ရွက်မည်ကို အသုံးပြုသူသည် သဘောတူညီရပါမည်။ (အသုံးပြုသူသည် ကမ္ဘောဇဘဏ်အား အသုံးပြုသူ၏ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်ခွင့်ပြုပါသည်)။ ကမ္ဘောဇဘဏ်သည် အသုံးပြုသူ၏ ညွှန်ကြားချက်ပေါ်မူတည်၍ ဆောင်ရွက်ရခြင်းဖြစ်သည့် အတွက် မည်သည့်တာဝန်မှမရှိ ကြောင်းကို အသုံးပြုသူသည်သဘောတူပါသည်။ အသုံးပြုသူသည် ညွှန်ကြားချက်တွင်ပါဝင်သည့် အချက်အလက်များနှင့်ပတ်သက်၍ ထိုအချက်အလက်များသည် ပြည့်စုံ၊ တိကျ၊ မှန်ကန်မှုရှိစေရန် အသုံးပြုသူတွင် တာဝန်ရှိပါသည်။ ညွှန်ကြားချက်သည် မည်သည့်အခြေအနေ တစ်ခုခုပေါ်မူတည်သည့် ညွှန်ကြားချက်မျိုးမဖြစ်စေရပါ။ ထိုသို့ဖြစ်ပေါ်ပါက ကမ္ဘောဇဘဏ်သည် ပုံမှန် ညွှန်ကြားချက်များကဲ့သို့သာ ဆောင်ရွက်မည် ဖြစ်ပါသည်။

အသုံးပြုသူသည် အကြောင်းတစ်ခုခုကြောင့် ဝန်ဆောင်မှုအား အသုံးပြုနိုင်ရန် မရရှိနိုင်ခြင်း (သို့မဟုတ်) system ချို့ယွင်းမှုကြောင့် အသုံးပြု၍မရနိုင်ခြင်း (သို့မဟုတ်) service အသုံးပြုနိုင်ရန် တပ်ဆင်ထားသော ပစ္စည်းကိရိယာများ၏ ချို့ယွင်းမှုကြောင့် အသုံးပြု၍မရနိုင်သည့် အခြေအနေမျိုးတွင် အသုံးပြုသူသည် သတင်းအချက် အလက်များရရှိနိုင်ရန်နှင့် ညွှန်ကြားချက်ပေးနိုင်ရန်အတွက် ရရှိနိုင်မည့် နည်းလမ်းများကို အသုံးပြုရန်အတွက် အသုံးပြုသူတွင်သာ တာဝန်ရှိပါသည်။

အသုံးပြုသူ၏ ညွှန်ကြားချက်သည် ဘဏ်၏ ထင်မြင်ချက်အရ ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ အုပ်ချုပ်ရေး၊ တရားရုံး(သို့မဟုတ်) အုပ်ချုပ်ရေးအဖွဲ့၏ အမိန့်ကြေညာချက်၊ နည်းဥပဒေ၊ ညွှန်ကြားချက် (သို့မဟုတ်) ဘဏ်အနေဖြင့် အသုံးပြုသူ၏ ညွှန်ကြားချက်သည် ဥပဒေအရ သင့်တော်ခြင်း မရှိသည့် အခြေအနေမျိုးတွင် ထိုညွှန်ကြားချက်အား ဘဏ်မှလိုက်နာဆောင်ရွက်ပေးမည်မဟုတ်ဘဲ ထိုကဲ့သို့သော ကိစ္စမျိုးအတွက် ဘဏ်တွင်လိုက်နာဆောင်ရွက်ရန် တာဝန်မရှိပါ။

## 5. Accounts

As an initial matter, the User must have a KBZ Bank Core Banking account opened and in good standing to use the iBanking and mBanking and Bill Payment Service. The User account will also be governed by this terms and conditions, disclosures and other documents provided to the User in connection with the opening of the User's account, as they may be amended from time to time.

## ၅။ စာရင်းများ

ပထမဦးစွာ အသုံးပြုသူအနေဖြင့် iBanking and mBanking နှင့် Bill Payment Service စသည့် ဝန်ဆောင်မှုများ အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်တွင် စာရင်းတစ်ခုဖွင့်ရမည်ဖြစ်သည်။ အသုံးပြုသူသည် စာရင်းအသုံးပြုရာတွင် ကမ္ဘောဇဘဏ်၏ Online Banking စည်းကမ်းချက်များနှင့် ဘဏ်မှ အခါအားလျော်စွာ ပြုပြင်ပြောင်းလဲသည့် စည်းကမ်းချက်များအားလိုက်နာရမည်ဖြစ်သည်။

## 6. Online Banking

A. Account Access: To get an online account access, the User has to submit documents which are required by the Bank. The User may access their personal accounts online. When the User accesses the accounts, the User may obtain account balance and summary information, available funds information and all account transactions for the current statement period.

B. Transfers of Funds: In addition to viewing account information, the User may use Online Banking to conduct a transfer of funds. The User may transfer funds among their accounts and other users' accounts.

In accordance with regulatory requirements, if transaction limitations are exceeded, the Bank will either prohibit any excess transactions or close the account.

C. New Services: New services may be introduced for Online Banking from time to time. The Bank may notify the User of the existence of these new services. By using these services, when they become available, the User agrees to be bounded by the terms and conditions concerning these services.

## ၆။ Online Banking

(က) စာရင်းအသုံးပြုနိုင်ခွင့်

အသုံးပြုသူသည် Online စာရင်းအသုံးပြုနိုင်ရန်အတွက် လိုအပ်သော စာရွက် စာတမ်းများအား ဘဏ်သို့ တင်သွင်းရမည် ဖြစ်သည်။ သို့မှသာ အသုံးပြုသူသည် မိမိ၏ ကိုယ်ပိုင် online စာရင်းအား ရရှိ အသုံးပြုနိုင် မည်ဖြစ်သည်။ အသုံးပြုသူသည် မိမိ၏ online စာရင်းရရှိချိန်တွင် ငွေစာရင်းလက်ကျန်၊ စာရင်းအကျဉ်း၊ ဘဏ်မှသတ်မှတ်ထားသော ကာလအပိုင်းအခြားအတွင်းပြုလုပ်ထားသောစာရင်းများကို ရရှိနိုင်မည်ဖြစ်သည်။

(ခ) ငွေကြေးလွှဲပြောင်းခြင်း

အသုံးပြုသူသည် ငွေကြေးလွှဲပြောင်းခြင်းနှင့် ပတ်သက်သည့်ကိစ္စရပ်များကို Online banking အသုံးပြု၍ ငွေကြေးလွှဲပြောင်းခြင်းအား အသုံးပြုနိုင်မည်ဖြစ်သည်။ အသုံးပြုသူသည် မိမိ၏ စာရင်းများ အကြားနှင့် အခြားအသုံးပြုသူ၏စာရင်း များသို့ ငွေကြေးလွှဲပြောင်းခြင်းများအား ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ငွေကြေးလွှဲပြောင်းခြင်းများဆောင်ရွက်ရာတွင် အသုံးပြုသူ လွှဲပြောင်းသည့် ငွေပမာဏသည် သတ်မှတ်ထားသည့် ပမာဏထက်ကျော်လွန်နေပါက ဘဏ်မှချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိုကျော်လွန် နေသော ငွေပမာဏအား တားမြစ်ခြင်း (သို့မဟုတ်) ထိုစာရင်း အားပိတ်ပင်ခြင်းအား ဘဏ်မှ ဆောင်ရွက် နိုင်သည်။

(ဂ) ဝန်ဆောင်မှုအသစ်

Online Banking နှင့်ပတ်သတ်၍ အခါအားလျော်စွာ ဝန်ဆောင်မှုအသစ်များကိုလည်း မိတ်ဆက်ပေးသွားမည်ဖြစ်သည်။ ဘဏ်အနေဖြင့် ဝန်ဆောင်မှုအသစ်များအား လက်ရှိအသုံးပြုနေသောသူ များထံသို့ အကြောင်းကြား ပေးမည်ဖြစ်သည်။ ထိုကဲ့သို့ ဝန်ဆောင်မှုအသစ်များအား ရရှိအသုံးပြုရာတွင် အသုံးပြုသူသည် ထိုဝန်ဆောင်မှုများနှင့် ပတ်သက်၍ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများအား အသုံးပြုသူမှ လိုက်နာရမည်ဖြစ်သည်။

## 7. mBanking

The Users can use their smart phone to bank rather than the computer. However, all the available services from KBZ iBanking are not available through mBanking. To use this service, user must be a registered Online Banking user. The KBZ Bank Mobile Banking allows the User to conveniently access most of the functionality of Online mBanking Services from virtually anywhere via the User's mobile device. Connect to your bank's mobile site or app securely by making sure that your wireless network is secure. Never send sensitive information over an unsecure wireless network, such as in a hotel or cafe. Use virtual private network software that protects your identity by ensuring that all web transactions (shopping, filling out forms, and downloads) are secured through HTTPS. Configure your device to auto-lock after a short period of nonuse. Don't store data you can't afford to lose on an insecure device. As the bank has notified the above facts, it is completely up to Customers' responsibility if the mobile phone is lost and/or breach of securities due to User's lack of attentiveness. Bank shall not be liable for any failure to perform any of its obligations.

## ၇။ mBanking

mBankingသည် Computerမှ အသုံးပြုခြင်းအစား မိမိ ၏ Smart Phone မှတဆင့် ဆက်သွယ် ဆောင်ရွက်ခြင်း ဖြစ်သည်။ သို့ရာတွင် ကမ္ဘောဇဘဏ်၏ iBankingမှ အချို့သော ဝန်ဆောင်မှုများအား mBanking မှတဆင့်ရရှိ အသုံးပြုနိုင်မည် မဟုတ်ပါ။ ထိုဝန်ဆောင်မှုအား အသုံးပြုနိုင်ရန်အတွက် အသုံးပြုသူသည် Online Banking User အဖြစ် မှတ်ပုံ တင်ရမည်ဖြစ်သည်။ အသုံးပြုသူသည် Mobile Device မှ တဆင့် ကမ္ဘောဇဘဏ်၏ mBanking အား Internet ရရှိနိုင်သော မည်သည့်နေရာတွင်မဆို လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ အသုံးပြုသူသည် မိမိ၏ Wireless Network / Mobile Network အားလုံခြုံမှုရှိစေရန် ဆောင်ရွက်ပြီးမှ ဘဏ်၏ Mobile Browser (သို့မဟုတ်) App နှင့် ဆက်သွယ်ဆောင်ရွက်ရမည် ဖြစ်သည်။ အသုံးပြုသူများအနေဖြင့် မိမိတို့၏ အရေးကြီး သတင်း အချက်အလက်များအား လုံခြုံ စိတ်ချရခြင်းမရှိသော Hotel နှင့် Coffee ဆိုင်များရှိ Wireless Network များအား အသုံးပြု၍ ပေးပို့ခြင်းမပြုလုပ်ရပါ။ အသုံးပြုသူသည် မိမိ၏ သီးသန့် Private Network အား အသုံးပြု၍ (shopping, fill out forms, download) စသည်ကဲ့သို့သော web transaction များပြုလုပ်ရာတွင် မိမိ၏ identity အား ကာကွယ်နိုင်ရန်အတွက် လုံခြုံမှုရှိသော HTTPS မှတဆင့် ဝင်ရောက် အသုံးပြုရန်လိုအပ်ပါသည်။ အသုံးပြုသူသည်မိမိ၏ device အားအသုံးမပြုသည့်အချိန်တွင် auto lock လုပ်ထားရမည်ဖြစ်ပါသည်။ အသုံးပြုသူအနေဖြင့် (အပျောက်အပျက် မခံနိုင်သော) အရေးကြီး အချက်အလက်များအား လုံခြုံစိတ်ချရခြင်းမရှိသော device များတွင် သိမ်းဆည်း ထားခြင်းမပြုလုပ်ရပါ။ အထက် အကြောင်းအရာပါ လုံခြုံရေး ကိစ္စရပ်များနှင့်ပတ်သက်၍ အသုံးပြုသူ၏ mobile phone ပျောက်ဆုံးခြင်း (သို့မဟုတ်) အသုံးပြုသူ၏ ပေါ့ဆမှုကြောင့် လုံခြုံရေးအစီအစဉ်များအား ချိုးဖောက်ခဲ့ခြင်းများဖြစ်ပေါ် လာခဲ့လျှင် အသုံးပြုသူ၏ တာဝန်သာဖြစ်ပါသည်။

ဤစည်းကမ်းပါ အချက်အလက်များအား လိုက်နာရန် ပျက်ကွက်မှုကြောင့်ဖြစ်ပေါ်လာသော ကိစ္စရပ်များအတွက် ဘဏ်မှတာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါ။

**8. Email Requirements**

In order to access and retain Communications, the User must have:

- Email account, email software and web mail capable of reading and sending.

**၈။ Email လိုအပ်ချက်။**

Online Banking အား အသုံးပြုနိုင်ရန်အတွက် အသုံးပြုသူအနေဖြင့် Email Account လိုအပ်မည်ဖြစ်ပြီး ထိုEmail အားဖတ်နိုင်ရန်နှင့် ပြန်လည် ပေးပို့နိုင်ရန်အတွက် Email နှင့်ပတ်သက်၍ လိုအပ်သော Software လည်း အသုံးပြုသူတွင်ရှိရမည်ဖြစ်သည်။

**9. Authorized User Access**

***The following parts of this section apply to Personal Accounts Only:***

Any personal account owner or sole proprietor account owner of an Activated Account may actual one in using the Online Banking to perform account transactions. Such access is granted completely at the Bank's discretion.

***The following parts of this section apply to Joint Accounts Only***

The User can access joint accounts and give the Instructions about them. If any of the User Accounts is a joint account user, the User's joint account holder has consented for the User to use the Accounts for the Service. If the User would like to create the individual joint account, all the joint account holders have to sign when they open a joint account and any account holder has the authority to use the iBanking, mBanking and Bill Payment Service and all joint account holders agree and acknowledge that anyone of joint account holder can use the online banking services. The Users agree to be jointly and severally liable under this terms and conditions and all other agreements which govern your account. The joint account holders hereby acknowledge that the liability by the way of incurring all charges, overdraft, or otherwise at any time in respect of any Banking or other Account in our joint names shall be several as well as joint.KBZ Bank will end your usage of the Service if any joint account holder notifies KBZ Bank that (i) the joint account can no longer be operated on the User Instructions alone, or (ii) the other joint account holders are withdrawing consent for the User to operate the joint account. If there is a dispute on this joint account or if any of the account holders disputes any of the Instructions on this account, KBZ Bank will suspend or block the access to the account through iBanking, and the Users will not be able to give the Instructions on it until the dispute is resolved. The joint account holders are understood that all moneys now or hereafter standing to our credit in joint account with KBZ Bank shall belong to the survivor or survivors in the event of death of any of the joint account users and the remaining users shall have full control of any money then and thereafter standing to our credit in joint account with KBZ Bank in the event of the death or insolvency of anyone of us.

Please Note that, KBZ bank will restrict any existing joint accounts for online transactions. On the other hand, the restricted joint accounts can be used by filling in the" joint account reactivation form".

***The following parts of this section apply to Corporate Accounts Only:***

Corporate Users can manage their corporate account through KBZ iBanking and mBanking service.

The Corporate Account User can access the Cash Management and Bulk Payment online service. Provided that, the Corporate Account User shall give a proper Instruction to KBZ Bank how to manage the User accounts.

**၉။ အသုံးပြုသူမှအသုံးပြုနိုင်ခွင့်။**

တစ်ဦးတည်းစာရင်းနှင့်ပတ်သက်သည်များကို အောက်တွင်ဖော်ပြထားပါသည်။

တစ်ဦးချင်းစာရင်း အသုံးပြုသူများသည် ထိုစာရင်း နှင့်ပတ်သက်၍ လုပ်ဆောင်မှုများအား Online Banking မှတစ်ဆင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုသို့သော စာရင်းနှင့်ပတ်သက်၍ ဘဏ်၏ ဆုံးဖြတ်ချက်အတိုင်းသာ ဆောင်ရွက်ခွင့်ပြုမည် ဖြစ်ပါသည်။

ပူးတွဲစာရင်းနှင့် ပတ်သက်သည်များကိုအောက်တွင်ဖော်ပြထားပါသည်။

အသုံးပြုသူသည် ပူးတွဲ စာရင်းအား အသုံးပြုနိုင်မည် ဖြစ်ပြီး ထိုစာရင်း အတွက် ညွှန်ကြားချက်များ လည်း ပေးနိုင်မည် ဖြစ်ပါသည်။ ပူးတွဲစာရင်းအား အသုံးပြုမည့်သူ တစ်ဦးဦးသည် ထို ပူးတွဲစာရင်း ဝန်ဆောင်မှုအား အသုံးပြုနိုင်ရန်အတွက် ကျန်ပူးတွဲစာရင်းရှင်၏ သဘောတူညီမှုရရှိထားရန် လိုအပ် ပါသည်။ အကယ်၍ အသုံးပြုသူသည် individual joint စာရင်း ဖွင့်၍ အသုံးပြုလိုပါက ပူးတွဲ စာရင်းပိုင်ရှင်အားလုံးသည် ထိုစာရင်း ဖွင့်ရာတွင် လက်မှတ်ရေးထိုးရမည် ဖြစ်ပြီး ထိုပူးတွဲစာရင်းအား ပူးတွဲစာရင်းပိုင်ရှင်ထဲမှ တစ်ဦးဦး အားအသုံးပြုခွင့် ပေးအပ်ထားရမည်ဖြစ်ပြီး ထိုပုဂ္ဂိုလ်သည် iBanking and mBanking အား ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပူးတွဲစာရင်း အသုံးပြုခြင်းနှင့် ပတ်သက်၍ ကျန်ပူးတွဲစာရင်း ပိုင်ရှင်များသည် နားလည်သိရှိ သဘောတူညီမှုရှိရမည်ဖြစ်သည်။ ပူးတွဲစာရင်း စတင်ဖွင့်လှစ်အသုံးပြုရာတွင် ထိုစာရင်းနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများနှင့် အခြားသဘောတူညီမှုများအတွက် ပူးတွဲစာရင်း အသုံးပြုသူ တစ်ဦးချင်းစီနှင့် အားလုံး စုပေါင်း၍ တာဝန်ရှိစေမည် ဖြစ်ပါသည်။ ပူးတွဲစာရင်း အသုံးပြုသူများသည် ဖြစ်ပေါ်လာမည့် အခကြေးငွေများ၊ ဘဏ်စာရင်းရှိ ငွေထက် ပိုထုတ်ခြင်း(သို့မဟုတ်)အခြားဘဏ်လုပ်ငန်း ဝန်ဆောင်မှု များကြောင့် ဖြစ်ပေါ်လာမည့် ကိစ္စရပ်များအတွက် ပူးတွဲစာရင်း အသုံးပြုသူများအားလုံးနှင့် တစ်ဦး ချင်းစီတွင် တာဝန်ရှိစေမည်ဖြစ်သည်။ ကမ္ဘောဇဘဏ် အားပူးတွဲစာရင်း အသုံးပြုသူ တစ်ဦးဦးမှ -

(၁) ပူးတွဲစာရင်း အား ပူးတွဲအသုံးပြုသူတစ်ဦးတည်း၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်ခြင်း မပြုတော့ကြောင်း အကြောင်းကြားလာခဲ့လျှင်(သို့မဟုတ်)

(၂) ခွင့်ပြုပေးထားသော အသုံးပြုသူအား အခြားပူးတွဲ စာရင်း ပိုင်ရှင်များမှ အသုံးပြုခွင့်အား ရုပ်သိမ်းလိုကြောင်း အကြောင်းကြားလာခဲ့လျှင် ဘဏ်သည် ထိုအသုံးပြုနေသည့် ဝန်ဆောင်မှုအား ပိတ်သိမ်းနိုင်သည်။

ပူးတွဲစာရင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အငြင်းပွားမှု ဖြစ်ပေါ်ခြင်း (သို့မဟုတ်) ပူးတွဲ စာရင်း ပိုင်ရှင်များအကြား ညွှန်ကြားချက်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့လျှင် ထိုပူးတွဲ စာရင်း အား ibanking မှ အသုံးပြုခြင်းကို ထိုအငြင်းပွားမှုအား ဖြေရှင်းပြီးချိန်အထိ ရပ်ဆဲခြင်း (သို့မဟုတ်) ပိတ်ပင်ခြင်းအား ကမ္ဘောဇဘဏ်မှ ပြုလုပ်မည်ဖြစ်သည်။ ပူးတွဲစာရင်း ပိုင်ရှင် တစ်ဦးဦး သေဆုံးခြင်း (သို့မဟုတ်) လူမွဲအဖြစ်ခံယူရသည့် အခြေအနေမျိုးတွင် ကမ္ဘောဇဘဏ် ပူးတွဲစာရင်း တွင်ရှိသည့် လက်ရှိငွေကြေး နှင့် ထည့်သွင်းမည့်ငွေကြေးများအားလုံးသည် အသုံးပြုသူတစ်ဦးဦး သေဆုံးသည့်

ကိစ္စမျိုးတွင် အခြားကျန်ရှိသည့် ပူးတွဲစာရင်း ပိုင်ရှင်များမှ လက်ရှိငွေကြေးနှင့် ထည့်သွင်းမည့် ငွေကြေးများ အားလုံးကို အပြည့်အဝ ထိန်းချုပ်နိုင်ခွင့်ရှိမည် ဖြစ်ပြီး ထိုငွေကြေးများအား အခြားကျန်ရှိသည့် ပူးတွဲစာရင်း အသုံးပြုသူများမှ ပိုင်ဆိုင်ခွင့်ရှိမည် ဖြစ်ပါသည်။

Corporate စာရင်းနှင့် ပတ်သက်သည်များကို အောက်တွင်ဖော်ပြထားပါသည်။

Corporate စာရင်းအသုံးပြုသူများသည် ကမ္ဘောဇဘဏ်၏ iBanking and mBanking ဝန်ဆောင်မှုအား အသုံးပြု၍ မိမိ၏ စာရင်းအား စီမံခန့်ခွဲနိုင်မည် ဖြစ်သည်။

Corporate စာရင်း အသုံးပြုသူသည် Cash Management နှင့် Bulk Payment တို့အား online ဝန်ဆောင်မှုကို အသုံးပြု၍ ရရှိသုံးစွဲနိုင်မည် ဖြစ်သည်။ သို့ရာတွင် corporate စာရင်း အသုံးပြုသူသည် မိမိတို့၏ စာရင်း အားမည်သို့ အသုံးပြုလိုသည်ကို သင့်တော်သော ညွှန်ကြားချက်များပေး၍ ဆောင်ရွက်ရမည်ဖြစ်သည်။

10. Manage Account Info and Services

The User can view account balances, transaction history, and account details on accounts. Users can also order a new cheque/check and/or the User can block and/or stop the cheque/check when the User has been lost or stolen.

၁၀။ စာရင်း ၏ အချက်အလက်နှင့် ဝန်ဆောင်မှုများအား စီမံခန့်ခွဲခြင်း။

အသုံးပြုသူသည် စာရင်းအတွင်း လက်ကျန်ငွေစာရင်း၊ ဆောင်ရွက်ခဲ့သည့် ငွေကြေးလွှဲပြောင်းခြင်း ကိစ္စရပ်များနှင့် စာရင်းနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များအား ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် အသုံးပြုသူသည် cheque အသစ်အတွက် တောင်းခံခြင်း (သို့မဟုတ်) အသုံးပြုသူ၏ cheque ပျောက်ဆုံးခြင်း (သို့မဟုတ်) ခိုးယူခံရခြင်းများ ဖြစ်ပွားလျှင် အသုံးပြုသူအနေ ဖြင့် ထို cheque အားအခြားသူ အသုံးပြုခြင်းမှ တားဆီးပိတ်ပင်နိုင်သည်။

11. Fees and Charges

Any fees and charges associated with Online Banking and Bill Payment Service are set by KBZ Bank and will be collected according to the prescribed rate.

၁၁။ အခကြေးငွေနှင့် ကောက်ခံသော စျေးနှုန်း။

Online Banking, Bill Payment Service နှင့် ပတ်သက်သော ဝန်ဆောင်မှုအား အသုံးပြုသည့် အခကြေးငွေနှင့် ကောက်ခံသည့် နှုန်းထားများအား ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသည့်နှုန်းထားအတိုင်း ကောက်ခံပါမည်။

12. Transaction Limitation

In Own Account Transfer, Individual and Corporate User can make a daily transaction and the Users have to follow the transaction amount which is prescribed by KBZ Bank.

၁၂။ လွှဲပြောင်းနိုင်သော ပမာဏအားသတ်မှတ်ခြင်း။

တစ်ဦးချင်းစာရင်း နှင့် corporateစာရင်း အသုံးပြုသူများအနေဖြင့် နေ့စဉ်လွှဲပြောင်းရာတွင် ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသည့်ပမာဏအတိုင်း လွှဲပြောင်းနိုင်မည် ဖြစ်သည်။

13. Bill Payment Service

The Bill Payment Service permits the User to direct payments from the User Bill Payment Account to the Biller the User wishes to pay. All payments the User makes will be deducted from the User Account and the User agrees that KBZ Bank may debit the User Account for such payments without requiring your signature on the item and without prior notice by the User. All Bill Payments must be payable in Myanmar Kyat (MMK).KBZ Bank reserves the right to restrict types of Billers to whom payments may be made using the Bill Payment Service from time to time.

The User could use the Bill Payment Service to make payments to settle electronic bill, landline (or) phone bill payments, etc. Payments for these Billers will be the User sole responsibility if delayed or improperly processed or credited.

၁၃။ Bill Payment ဝန်ဆောင်မှု။

အသုံးပြုသူသည် Bill Payment ဝန်ဆောင်မှု ငွေတောင်းခံလွှာ အတွက် Billerထံသို့ တိုက်ရိုက်ပေးချေမှု ပြုလုပ်နိုင်မည်ဖြစ်သည်။ အသုံးပြုသူ ပြုလုပ်သည့် ငွေပေးချေခြင်းများ အတွက် အသုံးပြုသူ၏ စာရင်းမှနုတ်ယူမည် ဖြစ်ပြီး ဘဏ်သည် ထိုသို့နုတ်ယူရာတွင် အသုံးပြုသူအား ကြိုတင် အကြောင်းကြားခြင်း မပြုဘဲနှင့် အသုံးပြုသူ၏ လက်မှတ်လည်း မလိုအပ်ဘဲ နုတ်ယူနိုင်သည်ကို အသုံးပြုသူမှ သဘောတူပြီးဖြစ်ပါသည်။ ထိုသို့ ငွေပေးချေခြင်းပြုလုပ်ရာတွင် မြန်မာကျပ်ငွေဖြင့်သာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် Bill Payment Service အတွက် Billers များ ထံသို့ ငွေပေးချေရာတွင် အခါအားလျော်စွာ ကန့်သတ်ချက် များချမှတ် ဆောင်ရွက်ခွင့်ရှိသည်။

အသုံးပြုသူသည် လျှပ်စစ်မီတာခ၊ လိုင်းဖုန်း(သို့မဟုတ်) Mobile Phone Bill စသည်တို့အား Bill Payment ဝန်ဆောင်မှုဖြင့် အသုံးပြုဆောင်ရွက်နိုင်သည်။ Billers များထံသို့ ငွေပေးချေမှုပြုလုပ်ရာတွင်ကြန့်ကြာခြင်း / နှောင့်နှေးခြင်း (သို့မဟုတ်) လွဲမှားသည့် ဆောင်ရွက်ချက် (သို့မဟုတ်) ငွေဖြည့်သွင်းပေးခြင်း ကိစ္စရပ်များ အတွက် အသုံးပြုသူ တစ်ဦးတည်းတွင်သာ တာဝန်ရှိစေမည် ဖြစ်သည်။

## 14. Payroll Service

The Corporate Account User is responsible for ensuring that the data in the Company's payroll submissions is correct and complete. Therefore, Corporate Account User has to prepare data according to the KBZ requirement format. Consequently KBZ iBanking system will follow up to process that data when the Corporate Account User agrees to use the service. Those information that uploaded by Corporate User will not be audited and/or amended from the bank side as it is auto generated process by KBZ iBanking system thus it will assume that data are undoubtful and accurate. System will rely on that information and will perform the work accordingly.

A. Preparing Payroll. In order to allocate payroll for each individual person from particular Corporation, the Account User have to prepare the requirement data set by KBZ Bank (For example : Debit and Credit Account numbers, Branch name, Amount to be credited and etc).

B. Source of Funds. The User shall designate the "Payroll Account" and shall maintain therein available funds in an amount sufficient to cover all payrolls.

C. Electronic Transfers. Upon receipt of the electronic transaction the amounts shall be applied to the appropriate accounts.

## ၁၄။ Payroll ဝန်ဆောင်မှု

Corporate စာရင်း အသုံးပြုသူသည် ကုမ္ပဏီ၏ Payroll အား တင်ပြရာတွင် မှန်ကန်ပြည့်စုံသော အချက် အလက်များ တင်ပြရန် တာဝန်ရှိပါသည်။ အသုံးပြုသူမှ အချက်အလက်များအား ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသည့်ပုံစံ နှင့်အညီ ပြင်ဆင်ပေးရမည်ဖြစ်သည်။ အသုံးပြုသူအား ၄င်း Service တွင် အသုံးပြုနိုင်ရန် သဘောတူခွင့်ပြုထားသော အချက်အလက်များအတိုင်း ကမ္ဘောဇဘဏ်၏ iBanking Systemမှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အသုံးပြုသူမှ upload ပြုလုပ်ထားသည့် အချက်အလက်များအား ဘဏ်မှစစ်ဆေးခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ မပြုလုပ်ဘဲ ထိုအချက်အလက်များသည် တိကျမှန်ကန်ပြည့်စုံသည်ဟု မှတ်ယူမည်ဖြစ်ပြီး ကမ္ဘောဇဘဏ်၏ iBanking Systemမှ အလိုအလျောက် လုပ်ဆောင်သွားမည်ဖြစ်သည်။ ဤဝန်ဆောင်မှုသည် အသုံးပြုသူ၏ အချက်အလက်ပေါ်မူတည်၍ အလိုအလျောက်လုပ်ဆောင် သွားမည့် ဝန်ဆာင်မှုဖြစ်သည်။

(က) Payroll အတွက်ပြင်ဆင်မှု။

Payroll လုပ်ဆောင်မည့်သူသည် မိမိCorporationမှ တစ်ဦးချင်းစီ၏ စာရင်းသို့ ကမ္ဘောဇဘဏ်မှ သတ်မှတ်ထားသော ဂန်ဆောင်မှုများ ဆောင်ရွက်ရန်အတွက် လိုအပ်သောအချက်အလက်များဖြစ်သည့် (ဥပမာ- Debit, Credit လုပ်ရမည့် စာရင်းအမှတ်၊ ဘဏ်ခွဲအမည်၊ ထည့်သွင်းရမည့်ငွေပမာဏ စသဖြင့်) တို့ကို တိကျမှန်ကန်စွာ ပြင်ဆင်ပေးရန်လိုအပ်ပါသည်။

(ခ) ငွေနှုတ်ယူရမည့် စာရင်း။

အသုံးပြုသူသည် payroll စာရင်းအား သတ်မှတ်ထားရှိရမည်ဖြစ်ပြီး ထိုစာရင်းတွင် payroll ဂန်ဆောင်မှု ဆောင်ရွက်ရန်အတွက် ပြည့်စုံလုံလောက်သောငွေကြေးရရှိရန် ဆောင်ရွက်ထားရမည် ဖြစ်သည်။

(ဂ) အီလက်ထရောနစ်ဖြင့် လွှဲပြောင်းပေးခြင်း။

အီလက်ထရောနစ်ဖြင့် လွှဲပြောင်းဆောင်ရွက်ရာတွင် လွှဲပြောင်းလိုသော ငွေပမာဏအား သတ်မှတ်ထားသည့် စာရင်းများထဲသို့ လွှဲပြောင်းပေးမည်ဖြစ်သည်။

## 15. Insufficient Funds

If the User has instructed KBZ Bank to make a payment for which there are insufficient available funds in the User future payment transaction on the date the payment is debited to the User account, the payment may not be made and the future payment transaction will automatically reject any online payment transaction. However, in standing instruction transaction the User can make three (3) attempts to use the account after which, KBZ Bank has the right to charge fines on the User.

## ၁၅။ ငွေကြေးမလုံလောက်ခြင်း။

အကယ်၍အသုံးပြုသူသည်ကမ္ဘောဇဘဏ်အား အသုံးပြုသူ၏ဘဏ်စာရင်းမှ ငွေပေးချေမှုပြုလုပ်ရန်ညွှန်ကြားသည့်အခါ ထိုသူ၏ဘဏ်စာရင်းထဲတွင် ငွေကြေးလုံလောက်ခြင်းမရှိပါက ငွေပေးချေမှုအားပြုလုပ်၍ ရနိုင်မည်မဟုတ်သည့်အပြင် လုပ်ဆောင်ရန်ကျန်ရှိသေးသော ငွေပေးချေမှုများကိုလည်း ငွေကြေးလုံလောက်သောအချိန်အထိ ရပ်ဆိုင်းထားမည်ဖြစ်သည်။ ငွေကြေးလုံလောက်မှုမရှိသည့်အခါ အသုံးပြုသူသည် သုံးကြိမ်သုံးခါကြိုးစားခွင့်ရှိမည်ဖြစ်ပြီး ထိုထက် ကျော်လွန်ပါက ကမ္ဘောဇဘဏ်မှ ဒဏ်ကြေးတပ်မည် ဖြစ်သည်။

## 16. LIMITATION OF LIABILITY

KBZ Bank will process and complete all iBanking, mBanking transactions initiated which comply with this terms and conditions. However, KBZ Bank shall in unreliability if KBZ Bank unable to complete any transaction initiated by the User because of the existence of one or more of the following circumstances:

- Through no fault of ours, the User account does not contain sufficient funds to complete the payment;
- Transactions are based on available funds in accordance with our funds availability policy;
- The iBanking, mBanking, Bill Payment Service, the User communication line, your personal computer, your mobile device, or modem was not functioning properly and the User knew about the malfunction or was advised of it by KBZ Bank when the User started the transaction;
- The Payee mishandles or delays a payment properly sent by KBZ Bank;
- The User did not properly initiate transaction or provide KBZ Bank with the correct names and account information for those Payees to which the User wishes to direct payment;
- Circumstances beyond our control (such as, but not limited to, fire, power outage, equipment or technical breakdown, flood, or other outside force) prevent the proper execution of the transaction;
- The User instructs KBZ Bank to make a type of payment, such as tax payment or court-ordered payment, which KBZ Bank cannot make;
- The funds are subject to legal process or other hold or encumbrance restricting such transfer.

**၁၆။ တာဝန်ရှိမှုအားကန့်သတ်ခြင်း။**

ကမ္ဘောဇဘဏ်သည်ဤစာချုပ်ပါအချက်အလက်များနှင့် ကိုက်ညီသော iBanking and mBanking စနစ်များကိုသာဆောင်ရွက်ပေးမည် ဖြစ်သည်။ သို့သော် ကမ္ဘောဇဘဏ်သည် အောက်ဖော်ပြပါကိစ္စရပ်များကြောင့် ငွေပေးချေမှုများမဆောင်ရွက်နိုင်ပါကထိုမဆောင်ရွက်နိုင်မှုအပေါ်တာဝန်ယူမည်မဟုတ်ပါ။

- ဘဏ်၏ပေါ့ဆမှုကြောင့်မဟုတ်ဘဲအသုံးပြုသူသည်မိမိ၏ဘဏ်စာရင်းထဲတွင် ငွေလုံလောက်စွာမရှိခြင်း။
- ဘဏ်၏ငွေကြေးပေါ်လစီပေါ်မူတည်၍ငွေပေးချေမှုများအားပြုလုပ်ပေးခြင်း။
- iBanking and mBanking, Bill Payment Services ၊ အသုံးပြုသူ၏ဆက်သွယ်ရေးလိုင်းများ၊ ကိုယ်ပိုင်ကွန်ပျူတာ၊ မိုဘိုင်းဖုန်းနှင့် မိုဒန်စသည့်ပစ္စည်းများ ကောင်းစွာအလုပ် မလုပ်ခြင်းအပြင် ထိုသို့ ချွတ်ယွင်းကြောင်းကို အသုံးပြုသူအနေဖြင့်သိရှိထားခြင်း (သို့မဟုတ်) ဘဏ်မှအသိပေးခြင်း၊
- ငွေလက်ခံသူဘက်မှ အမှားပြုလုပ်ခြင်း၊
- အသုံးပြုသူအနေဖြင့် ငွေပေးချေမှုအားမှန်ကန်စွာ မပြုလုပ်ခြင်း (သို့မဟုတ်) ကမ္ဘောဇဘဏ်အား ငွေလက်ခံသူ၏ အမည်နှင့် ဘဏ်စာရင်းအား မှန်ကန်စွာ မပေးခြင်း
- ဘဏ်မှထိန်းချုပ်နိုင်ခြင်း မရှိသောအခြေအနေများဖြစ်သည့် မီးလောင်ခြင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း၊ စက်ပစ္စည်းများပျက်စီးခြင်း၊ ရေကြီးခြင်း အပြင်အခြားအခြေအနေများပါဝင်သည်။ အသုံးပြုသူသည် ကမ္ဘောဇဘဏ်အနေဖြင့်ဆောင်ရွက်နိုင်ခြင်းမရှိသော ငွေပေးချေမှုများဖြစ်သည့် အခွန်ပေးဆောင်ခြင်း (သို့မဟုတ်) ရုံးခွန်ပေးဆောင်ခြင်းစသည့်ကိစ္စရပ်များအားခိုင်းစေခြင်း။
- ထို့အပြင်ဥပဒေဖြင့်ငြိစွန်းလျှက်ရှိသောငွေကြေးများနှင့်ထိန်းသိမ်းထားသောငွေကြေးများအပ်နှံထားခြင်း။

**17. User Confidentiality/Security**

KBZ Bank identifies the Users by their unique User ID and Password. All transactions initiated with your User ID and Password will be attributed to the User. The User agrees not to give or make available your User ID and Password to any other individuals, including anyone claiming to represent KBZ Bank. The User acknowledges that KBZ Bank will never ask the User for your Password or the answer to any security questions, and that KBZ Bank employees do not need the User Password or security question answers for any reason.

However, the Bank has the right to ask the security question only when the User get a trouble in using the banking service. The User can contact the person who authorize in this banking service.

In order to protect the User against fraud, the User needs to adhere to the following guidelines:

- Do not give out the User account information, password, or National Registration Card Number;
- Do not leave your PC or mobile device unattended while the User is using iBanking and mBanking, and/or Bill Payment Service;
- Never leave the User account information within range of others; and
- Do not send privileged account information (account number, password, etc.) in any public or general e-mail system.

**၁၇။ အသုံးပြုသူ၏လျှို့ဝှက်ချက်/လုံခြုံရေး။**

ကမ္ဘောဇဘဏ်သည် အသုံးပြုသူတိုင်းအား ၎င်းတို့၏ User ID နှင့် Password အလိုက်စိစစ်မည် ဖြစ်သည်။ အသုံးပြုသူအနေဖြင့်လည်း ငွေပေးချေမှုများ ပြုလုပ်ရာတွင် ထို User ID နှင့် Password အားအသုံးပြု၍ ကမ္ဘောဇဘဏ်၏ iBanking and mBanking စနစ်သို့ ဝင်ရောက်အသုံးပြုရမည်ဖြစ်သည်။ အသုံးပြုသူများအနေဖြင့် ၎င်း၏ User ID နှင့် Password အား မည်သူတစ်ဦးတစ်ယောက်ကိုမှ ပေးခွင့်ရှိမည်မဟုတ်ပါ။ ထိုမည်သူ တစ်ဦးတစ်ယောက် ဆိုရာတွင် ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများလည်းပါဝင်သည်။ ဘဏ်အနေဖြင့်လည်း ဘယ်သောအခါမှအသုံးပြုသူ၏ Passwordများ၊ လုံခြုံရေးမေးခွန်းများ၏ အဖြေများအားမေးမည်မဟုတ်သည့်အပြင် ကမ္ဘောဇဘဏ်၏ ဝန်ထမ်းများအနေဖြင့်လည်း ထိုPasswordများနှင့် လုံခြုံရေးမေးခွန်းများ၏အဖြေများအား မည်သို့သော အခြေအနေတွင်မှမေးခွင့်ရှိမည်မဟုတ်ပါ။ သို့သော် အသုံးပြုသူအနေဖြင့် ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ပါက ဘဏ်အနေဖြင့် မေးခွင့်ရှိမည်ဖြစ်သည်။ အသုံးပြုသူ အနေဖြင့်လည်း ဘဏ်မှ သက်ဆိုင်ရာ တာဝန်ရှိသူထံသို့ ဆက်သွယ်ရမည်။ မလိုလားအပ်သော ကိစ္စများမှ ကာကွယ်နိုင်ရန်၊ အသုံးပြုသူသည် အောက်ပါလမ်းညွှန်ချက်များ အား လိုက်နာရမည်။

- မည်သို့သောအခါမျှ သင်၏ဘဏ်စာရင်းအချက်အလက်၊ Password၊ နိုင်ငံသားမှတ်ပုံတင် နံပါတ်အား အခြားသူများ ထံသို့မပေးရ။
- အသုံးပြုသူသည် မည်သို့သောအခါမျှ ၎င်း၏အွန်လိုင်းဘဏ်ဝန်ဆောင်မှု၊ မိုဘိုင်းဘဏ်ဝန်ဆောင်မှု နှင့်ငွေပေးချေမှုဝန်ဆောင်မှု စသည်များအား အသုံးပြုသည့်ကွန်ပျူတာနှင့်ဆက်သွယ်ရေးပစ္စည်းများအား သုံးစွဲနေစဉ် ဖွင့်လှစ်ထားခဲ့ခြင်းမပြုရ။
- မိမိ၏ ဘဏ်စာရင်းအချက်အလက်များအား တစ်ပါးသူမြင်နိုင်မည့် အခြေအနေများအား ရှောင်ကြဉ်ရန်။
- မိမိ၏ အကောင့်နံပါတ်၊ Passwordများအား SMS (သို့မဟုတ်) Email စနစ်များမှ ဆက်သွယ်ခြင်းမပြုရန်ဖြစ်သည်။

**18. Pin Mailer**

The User ID and password for the Internet Banking will be printed on the Pin Mailer and given to the User in sealed Pin Mailer. Passwords are printed inside PIN Mailers. For security reason, Users should not disclose the information from the Pin Mailer which they receive for the Online Banking Registration. Once Pin Mailers are received, User must change the PIN of your own choice. The Users have to change PIN and destroy the Pin Mailer as soon as possible after opening it. The Users shall contact the Bank immediately if the Pin Mailer is torn and worn out (or) damaged and the Pin Mailer is lost before opened.

**၁၈။ Pin Mailer**

Pin Mailer အသုံးပြုရန်အတွက် အသုံးပြုမည့်သူ၏ ID နှင့် Password တို့အား Pin Mailerတွင် ရိုက်နှိပ်ပေးထား မည်ဖြစ်ပြီး ထို Pin Mailer အား အသုံးပြုသူ ထံသို့ ချိတ်ပိတ်၍ပေးမည်ဖြစ်သည်။ iBanking အသုံးပြုရန် အတွက် Registration ပြုလုပ်ရာမှရရှိလာသော Pin Mailer တွင် ပါဝင်သောအချက်အလက်များ အား အခြား သူများကို ထုတ်ဖော်ပြောကြားခြင်းမပြုရပါ။ Pin Mailer အား လက်ခံရရှိပြီးသည်နှင့် တစ်ပြိုင်နက် Pin Number အား မိမိကြိုက်နှစ်သက်သည့် Pin Number သို့ပြောင်းလဲသတ်မှတ်ရမည်ဖြစ်သည်။ အသုံးပြုသူသည် Pin Mailer အားဖွင့်ကြည့်ပြီးနောက် Pin Number အသစ်သို့ပြောင်းလဲပြီးထို Pin Mailer အား ဖျက်ဆီးပစ်ရမည်ဖြစ်သည်။ အသုံးပြုသူသည် ထို Pin Mailer အား မဖွင့်မီ Pin Mailer သည်စုတ်ပြဲ နေခြင်း (သို့မဟုတ်) ပျက်စီးနေခြင်းများ ဖြစ်ပေါ်နေပါက ဘဏ်သို့ချက်ချင်း အကြောင်းကြားရမည်ဖြစ်သည်။

**19. Security**

KBZ Bank is committed to protecting the security and confidentiality of information about the User account and use of the iBanking and mBanking, and Bill Payment Service. KBZ Bank has taken reasonable and appropriate measures to ensure that any personal information is always secure on KBZ Bank's Online Banking website. However, KBZ Bank cannot guarantee that then on public personal information that may have previously been provided will not be intercepted by others and unencrypted or compromised. KBZ Bank will not be held liable for any security breach that occurs for reasons outside of its control.

**၁၉။ လုံခြုံရေး**

ဘဏ်သည်သုံးစွဲသူ၏ ဘဏ်စာရင်း၊ Online ဘဏ်စနစ်၊ Mobile ဘဏ်စနစ်နှင့်ငွေပေးချေမှုစနစ်များ၏ လုံခြုံရေး နှင့် လျှို့ဝှက်ချက်များအား ထိန်းသိမ်း ကာကွယ်ရမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် မိမိ၏ Onlineဘဏ်စနစ် Website ထိန်းသိမ်းပေးမည်ဖြစ်သည်။ သို့ဖြစ်၍ သင်၏ ပုဂ္ဂိုလ်ရေးရာ သတင်း အချက်အလက်များအား အခြားနေရာများတွင် သိမ်းဆည်းထားခြင်းများအား တာဝန်ယူမည်မဟုတ်ပါ။ ကမ္ဘောဇဘဏ်သည် မိမိထိန်းချုပ်နိုင်စွမ်း မရှိသော ကိစ္စရပ်များ အပေါ်တွင် တာဝန်ယူမည် မဟုတ်ပါ။

**20. SEVERABILITY**

If any provision of this terms and conditions is determined to be void or invalid, the rest of this terms and conditions will remain in full force and effect.

**၂၀။ ဆက်လက်တည်ရှိမှု။**

ဤစာချုပ်ပါ စည်းကမ်းချက်များမှ အချက်အလက်တစ်စုံတစ်ရာပျက်ပြယ်ခဲ့ပါက ကျန်ရှိသောအချက်အလက်များသည် ဆက်လက် တည်ရှိနေမည်ဟု မှတ်ယူ ရမည်။

**21. Amendments to Terms and Conditions**

The terms, conditions, fees, and service charges applicable to iBanking and mBanking, and Bill Payment Service may be changed by KBZ Bank from time to time and the User can check on the online. Any use of the iBanking and mBanking, or Bill Payment Service after a change or changes take effect will constitute this terms and conditions to such changes.

If an immediate change is necessary, for security reasons and/or according to the rules and regulations, KBZ Bank may make the change without any prior notice.

**၂၁။ ပြောင်းလဲပြင်ဆင်ခြင်း။**

ကမ္ဘောဇဘဏ်သည် စာချုပ်ပါအချက်အလက်များ၊ စည်းကမ်းချက်များ၊ စရိတ်များ၊ ဝန်ဆောင်မှုကုန်ကျစရိတ်များ၊ အွန်လိုင်းဘဏ်စနစ်၊ မိုဘိုင်းဘဏ်စနစ်၊ ငွေပေးချေမှုစနစ်များနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအား အခါအားလျော်စွာ ပြောင်းလဲမည်ဖြစ်သည်။ အွန်လိုင်းဘဏ်စနစ်၊ မိုဘိုင်းဖုန်းဘဏ်စနစ်နှင့် ငွေပေးချေမှုတို့၏ မည်သည့် ပြောင်းလဲခြင်းမဆို ဤစာချုပ်ပါစည်းကမ်း ချက်များအရ အတည်ဖြစ်နေမည်ဖြစ်သည်။ လုံခြုံရေးအရသော်လည်းကောင်း (သို့မဟုတ်) စည်းမျဉ်းစည်းကမ်းများနှင့် စပ်ဆက်၍ လည်းကောင်း၊ ရုတ်ချည်း ပြောင်းလဲခြင်းများ လိုအပ်ပါက ကမ္ဘောဇဘဏ်သည် ကြိုတင် အကြောင်း ကြားခြင်း မရှိဘဲ ဤစည်းမျဉ်း စည်းကမ်းများအား ပြောင်းလဲမည် ဖြစ်သည်။

**22. Address and Mobile number Changes**

KBZ Bank may rely on the User address, including, without limitation, the User e-mail address and mobile number as it appears on KBZ Bank records for any and all communications KBZ Bank send to the User unless and until the User notifies KBZ Bank in person by filling in KBZ bank ibanking & mBanking application form (check on the Modification tab) to fill in new address and/or mobile number, and KBZ Bank has had a reasonable opportunity to act on such notice. In case of any authorized Users change or changes of e-mail or address, the Corporate Account User shall provide the Board of Directors Resolution to the branch where the Account has been registered for using this service regarding to these changes.

**၂၂။ လိပ်စာပြောင်းလဲခြင်း။**

ကမ္ဘောဇဘဏ်သည် ကန့်သတ်ချက် တစ်စုံတစ်ရာမရှိဘဲ အသုံးပြုသူ၏ နေရပ်လိပ်စာ၊ Email လိပ်စာတို့ကို ကမ္ဘောဇဘဏ်၏ မှတ်တမ်းများအရ ဖော်ပြသည့် အတိုင်းမှတ်ယူပါမည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် လိပ်စာ၊ ဖုန်းနံပါတ်၊ Email လိပ်စာ တစ်ခုခု ပြောင်းလဲခြင်းဖြစ်ပေါ်ပါက အသုံးပြုသူသည် ကမ္ဘောဇဘဏ်သို့ စာဖြင့်ရေးသားတင်ပြရမည်။ ထိုသို့တင်ပြခြင်းအပေါ် ဆောင်ရွက်ရန်ဘဏ်အနေဖြင့် လက်ခံနိုင်သောအခြေအနေရှိရမည်ဖြစ်သည်။ Corporate User စာရင်း၏ လိပ်စာ၊ ဖုန်းနံပါတ်၊ Email လိပ်စာများ (သို့) Corporate User စာရင်းတွင် လုပ်ပိုင်ခွင့်ရှိသူ တစ်စုံတစ်ရာ ပြောင်းလဲလိုပါက ခွင့်ပြုမိန့်ရှိသူ၏ ထောက်ခံချက်ဖြင့် ထို Corporate User စာရင်း ဖွင့်လှစ်ထားသော ဘဏ်ခွဲတွင်စာဖြင့် ရေးသားတင်ပြရမည်။

## 23. TERMINATION OF SERVICE

KBZ Bank may suspend or terminate the Service at any time, with or without cause and without affecting your outstanding obligations under this terms and conditions. KBZ Bank may immediately take this action if: the User breaches this or any other agreement with KBZ Bank; KBZ Bank has reason to believe that there has been or may be unauthorized or illegal use of the User account or the Service; or there are conflicting claims to the funds in the User account.

## ၂၃။ ဝန်ဆောင်မှုအား ရပ်ဆိုင်းခြင်း။

ကမ္ဘောဇဘဏ်သည် ဝန်ဆောင်မှုလုပ်ငန်းများအား အကြောင်းတစ်စုံတစ်ရာမရှိဘဲ (သို့မဟုတ်) ဤ စာချုပ်ပါ စည်းကမ်း ချက်များအား မထိခိုက်စေဘဲ ရပ်တန့်နိုင်သည်။ အသုံးပြုသူသည် ဤစာချုပ်ပါစည်းကမ်းချက်များအား ဖောက်ဖျက်ခြင်း၊ အသုံးပြုသူ၏ ဘဏ်စာရင်းနှင့် ဝန်ဆောင်မှုများအား မသမာသောနည်းလမ်း (သို့မဟုတ်) တရားမဝင်သောနည်းလမ်းများဖြင့် အသုံးပြုခြင်း၊ အသုံးပြုသူ၏ ဘဏ်စာရင်းနှင့် ပတ်သက်၍ ပြဿနာ ပေါ်ပေါက်ခြင်းစသည့်ကိစ္စရပ်များ ဖြစ်ပေါ်သည်ဟုလုံလောက်သော အကြောင်းအရင်းများရှိပါက ဘဏ်အနေဖြင့် ချက်ချင်းအရေးယူမည်ဖြစ်သည်။

## 24. Telephone Number and Email Address

The telephone number and address to be used to notify KBZ Bank when the User identified that an unauthorized Electronic Fund Transfer has been or may be made are:

- Customer Service at 09253260087, 09253260091, 09252332845
- Or the User may write to KBZ Bank is ibankingsupport@kbzbank.com.mm

## ၂၄။ ဖုန်းနံပါတ်နှင့်လိပ်စာ

သုံးစွဲသူတွင် မိမိ၏ ဘဏ်စာရင်းနှင့် ပတ်သက်၍ အီလက်ထရောနစ် နည်းပညာဖြင့် တရားမဝင်ငွေကြေး လွှဲပြောင်းခြင်းများ ဖြစ်ပေါ်ပါက ကမ္ဘောဇဘဏ်၏ အောက်ပါ ဖုန်းနံပါတ်များနှင့် လိပ်စာသို့ဆက်သွယ် သတင်းပို့ နိုင်မည်။

- Customer Service at 09 253260087, 09 253260091, 09 252332845
- ibankingsupport@kbzbank.com.mm သို့စာဖြင့်ရေးသား၍ဖြစ်စေဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

## 25. Force Majeure

A party shall not be liable for any failure of or delay in the performance of this Agreement for the period that such failure or delay is due to causes beyond its reasonable control, including but not limited to acts of God, war, strikes or labor disputes, embargoes, government orders or any other force majeure event.

## ၂၅။ မမျှော်မှန်းနိုင်သောအခြေအနေ။

ဤသဘောတူညီချက်ပါ စည်းကမ်းချက်များအား အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ်များ၊ စစ်ဖြစ်ပွားခြင်း၊ အဓိကရုဏ်း (သို့မဟုတ်) အလုပ်သမားအဓိကရုဏ်းများ၊ ကုန်သွယ်မှုများအားတားမြစ်ပိတ်ပင်ခြင်း၊ အစိုးရအမိန့်နှင့် အခြားသောမမျှော်မှန်းနိုင်သော အခြေအနေများကြောင့် ထိန်းချုပ်ရန် ခက်ခဲသောအခြေအနေများစသည့်အခြေအနေမျိုးများတွင် ဤသဘောတူညီချက်ပါ စည်းကမ်းချက်များအား အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်း (သို့မဟုတ်) ကြန့်ကြာခြင်းများအတွက် သဘောတူညီချက်ပြုသူများအကြားတွင် တာဝန်မရှိစေရပါ။

## 26. Disclaimer

To the fullest extent permitted by law, the Bank makes no representations or warranties of any kind in respect of the Service, either express or implied, statutory or otherwise, including but not limited to implied warranties of merchantability or fitness for a particular purpose, and the Bank hereby disclaims any such representations, warranties and conditions of any kind.

## ၂၆။ တာဝန်ရှိမှုမှကင်းလွတ်ခွင့်ပြုခြင်း။

ဥပဒေမှခွင့်ပြုချက်အပြည့်အဝပေးထားသရွေ့ (ဥပဒေမှချွင်းချက်ပေးထားသရွေ့) ကမ္ဘောဇဘဏ်သည် ဝန်ဆောင်မှုပေးခြင်းနှင့် ပတ်သက်၍ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ဖြစ်စေ၊ ဥပဒေအရ (သို့မဟုတ်) အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပေါ်ပေါက်လာသော ကိစ္စရပ်များအတွက် ကိုယ်စားပြုခြင်း (သို့မဟုတ်) တာဝန်ခံခြင်းပြုလုပ်မည် မဟုတ်ပါ။ အသုံးပြုသူကိုယ်တိုင် လုပ်ဆောင်ခွင့်ပြုထားသော လုပ်ဆောင်မှုများမှဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက် ဘဏ်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ထိုကဲ့သို့သော ကိစ္စရပ်များအတွက် အသုံးပြုသူတွင် ဆုံးရှုံးနစ်နာမှုများ (သို့မဟုတ်) ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လာပါက ဘဏ်အားအရေးယူခြင်း၊ တရားစွဲဆိုခြင်း စသည့် ကိစ္စရပ်များမဖြစ်ပေါ်စေရန် အသုံးပြုသူမှအပြည့်အဝတာဝန်ယူပါသည်။

## 27. Governing Law

This terms and conditions are governed by and shall be construed in accordance with the laws and regulations of the Republic of the Union of Myanmar.

## ၂၇။ သက်ဆိုင်သည့်ဥပဒေ။

ဤစာချုပ်ပါအချက်အလက်များအားဖောက်ဖျက်ပါကပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီအရေးယူဆောင်ရွက်မည်ဖြစ်သည်။